# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၁၀၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၈ - ၄ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၈/ ၂၀၁၉ ၏ အပိုဒ် ၁ ၊ အပိုဒ်ခွဲ (ခ) ဖြင့် သွင်းကုန်အပေါ် အကောက်ခွန် စည်းကြပ်တန်ဖိုး (Assessed Value) ၏ ၂ ရာခိုင်နှုန်းကို ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကောက်ခံရန် သတ်မှတ်ထားပါသည်။

၃။ သဘာဝဓာတ်ငွေ့အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ်ကို လျှော့ကျစေရေးနှင့် အများပြည်သူအနေဖြင့် ဓာတ်အားခ ဈေးနှုန်းသက်သာစေရေး တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ပြည်ပမှတင်သွင်းချိန်တွင် ကြိုတင်ခွန်ကောက်ခံခြင်းကို ဆိုင်းငံ့လိုက်သည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘခ - ၃/ ၆/ ၁ ( ၂၅၄၆ / ၂၀၂၆)
ရက်စွဲ ၊ ၂၀၂၆ ခုနှစ် ၊ ဇွန်လ ၁၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လက်အောက်ရှိ ဌာနနှင့်အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်<br>
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးနိုင်ပါရန်

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန်)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

အမိန့်အရ

(ဟန်ဝင်းအောင်)

ဒုတိယဝန်ကြီး